# Children’s Court

## မိဘများအတွက်သိကောင်းစရာအချက်အလက်များ

Department of Health and Human Services မှ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ပေးသူ (ဝန်ထမ်း) သည် သင့် မိသားစုထံ လာရောက်ခဲ့၍ သင့်ကလေး၏ ဘေးကင်းလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် စိတ်ပူပန်ပြီး သင့်ကလေးသည် ကာကွယ်စောင့်ရှောက်မှု ပေးရန် လိုအပ်နေသည်ဟု ယူဆပါသည်။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ပေးရေး ဌာနက သင့်ကလေးနှင့် ပတ်သက်ပြီး ဥပဒေကြောင်းဆိုင်ရာ  ဆောင်ရွက်ခြင်း (ကာကွယ်စောင့်ရှောက်မှု ပေးရန်  လျှောက်ထားချက် ဟု ခေါ်သည်) ကို စတင် ပြုလုပ်နေပါသည်။ Children’s Court ရှိတရားသူကြီးတစ်ဦးက သင့်ကလေးသည် ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်၊မလိုအပ်နှင့် သူ၏ အကောင်းဆုံး အကျိုးကျေးဇူး ဖြစ်ထွန်းစေရေးအတွက် ဆုံးဖြတ်မည် ဖြစ်ပါသည်။

သင် တရားရုံးသို့ လာရန် လိုအပ်ပါသည်။ တရားရုံး တက်ရခြင်းမှာ အလွန်ပင် စိတ်ဖိစည်းမှု ဖြစ်စေနိုင်ပါသည်။ သင့်အနေနှင့် မိတ်ဆွေတစ်ဦး သို့မဟုတ် ဆွေမျိုးထဲမှ တစ်ဦးတစ်ယောက်အား သင့်ကို အားပေးကူညီရန်အတွက် သင်နှင့် တရားရုံးသို့ အတူ လိုက်လာရန် အကူအညီတောင်းနိုင်ပါသည်။

## ကျွန်ုပ်၏ကလေးက မည်သည့်နေရာတွင် နေထိုင်မည်နည်း။

အချို့ကလေးများသည် Children’s Court မှ ဆုံးဖြတ်နေဆဲကာလတွင် အိမ်၌ နေကြပါသည်။ အချို့အခြေအနေများတွင်မူ ဝန်ထမ်းဖြစ်သူသည် ထိုကိစ္စအား တရားရုံးသို့ တင်ပြလျှောက်ထားပြီး ကလေး၏ အကောင်းဆုံး အကျိုးကျေးဇူး ဖြစ်ထွန်းစေရန် ဆုံးဖြတ်ပြီးချိန်မကျသည်အထိ ကလေး၌ ဘေးကင်းလုံခြုံမှု မရှိဟု ယူဆရလျှင် ကလေးအား ယင်းအခြေအနေမှ ဖယ်ရှားမည် ဖြစ်ပါသည်။ အကယ်၍ဤသို့ဖြစ်လာပါက ဝန်ထမ်းသည် သင့်ကလေး မိသားစုဝင်တစ်ဦးဦး သို့မဟုတ် မိတ်ဆွေတစ်ဦးဦးနှင့် အတူနေထိုင်ရန် ဖြစ်နိုင်၊မဖြစ်နိုင်ကို သင်နှင့် ဆွေးနွေးမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရန်အတွက် အချို့သော စိစစ် အကဲဖြတ်ခြင်းများနှင့် စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ရန် လိုအပ်မည် ဖြစ်သည်။ အကယ်၍ ဤသို့ မဖြစ်နိုင်ပါက ကာကွယ်စောင့်ရှောက်ပေးသူ ဝန်ထမ်းက သင့်ကလေးအား မိဘများကိုယ်စား မိဘသဖွယ် ယာယီစောင့်ရှောက်မှုပေးသူနှင့် နေထိုင်နိုင်ရန်ကဲ့သို့ အခြားနည်းလမ်းများကို တိုင်ပင်ဆွေးနွေးပါလိမ့်မည်။

ထိုအချိန်အတွင်း သင်နှင့် သင့်ကလေးတို့သည် ဆက်သွယ်မှု ရှိမြဲအတိုင်း ရှိနေမည်ဖြစ်ပြီး ထိုအချက်သည်လည်း တရားရုံး၏ အမိန့်တွင် ပါဝင်မည် ဖြစ်သည်။ သင့်ကလေးနှင့် ဆက်သွယ်မှုပြုခြင်းနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တရားရုံးက သင့်ကလေး၏ အကောင်းဆုံး အကျိုးကျေးဇူးများကို စဉ်းစားပေးမည် ဖြစ်ပါသည်။

## ကျွန်ုပ်က ကျွန်ုပ်၏ ကလေးကို အိမ်တွင် နေစေလိုပါက ဘာလုပ်ရန် လိုအပ်သနည်း။

အကယ်၍ သင်က သင့်ကလေး၏ အနာဂတ်အတွက် ဆုံးဖြတ်ချက်မချမီ အချိန်အထိ သင့် စောင့်ရှောက်မှုအောက်တွင် နေစေလိုပါက သင့်ရှေ့နေကို တရားသူကြီးထံ တရားရုံးတွင် တင်ပြပေးဖို့ ပြောပါ။ တရားသူကြီးက ဤသို့လုပ်ဆောင်ရန် ဖြစ်နိုင်၊ မဖြစ်နိုင် ဆုံးဖြတ်ပါလိမ့်မည်။

## တရားရုံးအတွက်ကျွန်ုပ် ဘာတွေပြင်ဆင်ရမည်နည်း။

ကာကွယ်စောင့်ရှောက်မှုပေးရန် လျှောက်ထားချက်တွင် သင် မည်သည့် တရားရုံးကို တက်ရမည်ဆိုသည်နှင့် ကြားနာမည့် နေ့ရက်၊ အချိန်တို့ကို ဖတ်ကြည့်ပါ။
တရားဥပဒေဆိုင်ရာ အကြံဉာဏ်ရယူပြီး သင် တရားရုံးတွင် ရှေ့နေတစ်ဦးနှင့် တရားဝင် ကိုယ်စားပြုစေလိုခြင်း ရှိ၊မရှိ ဆုံးဖြတ်ပါ။

သင့်ကလေးသည် သူကိုယ်တိုင် တက်ရောက်လိုစိတ် မရှိလျှင်၊ သို့မဟုတ် တရားရုံးက တက်ခိုင်းခြင်း မပြုလျှင် တရားရုံးသို့ လာရန်မလိုအပ်ပါ။ အသက် ၁၀ နှစ် သို့မဟုတ် ဆယ်နှစ်အထက် ရှိသည့်ကလေးများအနေနှင့် ညွှန်ကြားချက်များ ပေးရန် တည်ငြိမ်ရင့်ကျက်မှု မရှိသေးဟု တရားရုံးက ဆုံးဖြတ်ခြင်း မပြုပါလျှင် တရားဥပဒေအရ သူတို့ကို (ရှေ့နေက) ကိုယ်စားပြုပေးလိမ့်မည်။

သင် တရားဥပဒေအရ ကိုယ်စားပြုပေးခြင်း လိုအပ်ပါက Victoria Legal Aid သည် တရားရုံးတွင် ရှိနေပါသည်။ သင်သည် သင့်ရှေ့နေနှင့် ဆွေးနွေး တိုင်ပင်နိုင်ရန် အတွက် တရားရုံး မစတင်မီ နာရီဝက်ခန့် ကြိုတင်ပြီး တရားရုံးသို့ လာရန် ကြိုးစားပါ။

အကယ်၍ သင်သည် ဘာသာစကားအရ နားလည်ရန်အတွက်ဖြစ်စေ၊ တရားရုံးတွင် ဖြစ်ပျက်နေသည်များကို နားလည်ခြင်းအားဖြင့် ပါဝင်ရန်ဖြစ်စေ၊ စကားပြန်လိုအပ်ပါက တရားရုံးတွင် သင်နှင့်အတူ စကားပြန်တစ်ဦး ရှိနေရေးကို စီစဉ်ပေးရန်အတွက် ဝန်ထမ်းကို ပြောပါ။

## တရားရုံးကို ကျွန်ုပ်ရောက်သည့်အခါ ဘာဖြစ်မည်နည်း။

တရားရုံးများသည် အလွန်ပင် အလုပ်များနိုင်ပြီး သင် တရားခွင်ထဲ မဝင်ရမီ စောင့်နေရဖွယ် ရှိပါသည်။

သင့်ကလေး၏ အမည်ကိုခေါ်သည့်အခါ သင် တရားခွင်ထဲ ဝင်ပြီး သင် ရှေ့နေ၏ အနောက်တွင် ထိုင်ပါ။ သင်သည် သင့်ကလေးနှင့် ဝန်ထမ်းတို့နှင့်အတူလည်း ထိုင်နိုင်ကောင်းထိုင်နိုင်ပါမည်။

## တရားရုံးတွင် ဘာဖြစ်မည်နည်း။

တရားသူကြီးက သင့်မိသားစုအကြောင်းနှင့် အဘယ်ကြောင့် ဝန်ထမ်းက သင့်ကလေး၌ ဘေးအန္တရာယ်ရှိသည်ဟု ယူဆရကြောင်း သိလိုပါမည်။ တရားသူကြီးက သင်နှင့် သင့်ကလေးအား ပြောကြားချက်များနှင့်ပတ်သက်ပြီး ၎င်းအပေါ်ထင်မြင်ယူဆချက်များ ပေးရန်လည်း မေးမြန်းပါလိမ့်မည်။

အကယ်၍ ယခုကြားနာခြင်းသည် အရေးပေါ်ကြားနာခြင်း မဟုတ်ပါက တရားသူကြီးအား ဝန်ထမ်းက ရေးသားလျှောက်ထားတင်ပြချက်များ (ဝန်ထမ်းက ရေးသားတင်ပြသောအစီရင်ခံစာ၏မိတ္တူအား သင့်ကိုလည်းပေးပြီး ၎င်းတွင်ပါဝင်သော အကြောင်းအရာများနှင့် ပတ်သက်၍ တရားရုံး မတက်မီ သင်နှင့် ဆွေးနွေးပါလိမ့်မည်။) ကို ပေး၍၊ ဖြစ်နိုင်ခြေရှိခဲ့ပါလျှင်  သင်နှင့် သင့်ကလေးအား သိသော အခြားပညာရှင်များ၏ ရေးသားလျှောက်ထား တင်ပြချက်များကိုပါပေး၍ ပြောဆို တင်ပြချက်များနှင့် ပတ်သက်သည့် သက်သေများ၏ ထင်မြင်ယူဆချက်များအား မေးမြန်းပါလိမ့်မည်။

အကယ်၍သင် တရားရုံးတွင် ထွက်ဆိုချက်ပေးပါက မှန်ကန်စွာထွက်ဆိုရန်နှင့် ရှေ့နေများ သို့မဟုတ် တရားသူကြီး၏ မေးခွန်းများကို ဖြေကြားရန် လိုအပ်ပါသည်။ အကယ်၍ပြောဆိုသည်များကို သင် နားမလည်ပါက သင့်အား ရှင်းပြခိုင်းပါ။

သင်သည် တရားသူကြီးအား ("ယော် အော်နာ")  'Your Honour' သို့မဟုတ် ((အမျိုးသားဆိုလျှင်) "ဆာ") 'Sir' သို့မဟုတ် ((အမျိုးသမီးဆိုလျှင်) "မဒမ်") 'Madam' ဟု ခေါ်သင့်သည်။

## ကျွန်ုပ်သည် တရားရုံးကို တစ်ကြိမ်မက သွားရန် လိုအပ်ပါသလား။

သေချာသလောက်ရှိပါသည်။ ကာကွယ်စောင့်ရှောက်မှုပေးရန် တင်ပြလျှောက်ထားချက်ကို စဉ်းစားဆုံးဖြတ်ရေးဆိုင်ရာ ကြားနာခြင်း နှစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ထက် ပိုပြီး လိုတတ်ပါသည်။

ပထမဆုံးအကြိမ် ကြားနာခြင်းတွင် တရားသူကြီးက နောက်တစ်ရက်ရက်သို့ ရွှေ့ဆိုင်း (ရက်ရွှေ့) တတ်ပြီး ထိုနေ့အထိ သင့်ကလေး မည်သည့်နေရာတွင် နေထိုင်ရမည်ကို ဆုံးဖြတ်ပေးသည်။

သင့်ကလေးကို သူ၏ အနာဂတ်ကာလ စောင့်ရှောက်မှုအတွက် ဆုံးဖြတ်ချက်မချမီ အချိန်အထိ သင့်အိမ်သို့ သင့် စောင့်ရှောက်မှုအောက်တွင် ပြန်နေစေလိုကြောင်း သင်က လျှောက်ထားနိုင်ပါသည်။ တရားသူကြီးက ထိုသို့ ဖြစ်နိုင်၊မဖြစ်နိုင် ဆုံးဖြတ်ပါလိမ့်မည်၊ သို့သော် အကယ်၍ တရားသူကြီးက သင့်ကလေးသည် အိမ်မှာ ဘေးကင်းလုံခြုံမှု မရှိဟု ယူဆခဲ့လျှင် သင့်ကလေးကို အိမ်ပြန်မပို့ပါ။

တရားသူကြီးက

- အမှုကို အချိန်ပြည့် ကြားနာသောနေ့အထိ သင့်ကလေးသည် အိမ်သို့ပြန်၍ နေနိုင်၊မနေနိုင် သို့မဟုတ် အခြားမိသားစုဝင် တစ်ဦးဦး သို့မဟုတ် မိတ်ဆွေတစ်ဦးနှင့် နေနိုင်၊မနေနိုင်ကို ဆုံးဖြတ်ခြင်း

သို့မဟုတ်

- သင့်ကလေးသည် နောက်ထပ် ကြားနာစစ်ဆေးမည့် နေ့ရက်အထိ မိဘများကိုယ်စား မိဘသဖွယ် ယာယီစောင့်ရှောက်ပေးသူ မိသားစုတစ်စုနှင့် သို့မဟုတ် အများနှင့်အတူထားပြီး စောင့်ရှောက်ပေးသော ဂေဟာကဲ့သို့ နေရာတစ်ခုတွင် ကာကွယ်စောင့်ရှောက်ပေးရေး အဖွဲ့အစည်းက စီစဉ်ပေးသည့်အတိုင်း မဖြစ်မနေနေရမည်ဟု အမိန့်ချမှတ်ခြင်း ပြုနိုင်ပါသည်။

## နောက်ထပ်ကြားနာခြင်းများတွင် ဘာဆက်ဖြစ်မည်နည်း။

အကယ်၍ သင်၊ သင့်ကလေးနှင့် ဝန်ထမ်းတို့က သင့်ကလေးအတွက် အကောင်းဆုံး အကျိုးကျေးဇူးများနှင့်ပတ်သက်ပြီး သဘောတူညီမှု မရနိုင်ပါလျှင် တရားသူကြီးက သင့်ကလေးသည် ဘေးကင်းလုံခြုံမှုအတွက် အန္တရာယ် ရှိ၊မရှိနှင့် မည်သည့် လုပ်ဆောင်မှုများ လုပ်သင့်ကြောင်းကို အဆုံးအဖြတ် ပေးပါလိမ့်မည်။ အကယ်၍ တရားသူကြီးက သင့်ကလေးအား ကာကွယ် စောင့်ရှောက်ပေးရန် မလိုအပ်ဟု ဆုံးဖြတ်ခဲ့လျှင် အမှုကိုပိတ်လိုက်ပြီး သင့်မိသားစုနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းတို့အကြား ဆက်ဆံမှုသည်လည်း ရပ်ဆိုင်းသွားမည်ဖြစ်ပါသည်။

အကယ်၍ သင့်ကလေးအား ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သည်ဟု ဆုံးဖြတ်ခဲ့ပါက တရားသူကြီးသည် ကာကွယ်စောင့်ရှောက်မှု အမိန့်ချမှတ်ရန် လိုအပ်သည်၊မလိုအပ်သည်နှင့် အကယ်၍လိုအပ်ခဲ့ပါက မည်သည့် ကာကွယ်စောင့်ရှောက်မှု အမိန့်မျိုးသည် သင့်ကလေးအား ကာကွယ် စောင့်ရှောက်ပေးရန်နှင့် အကောင်းဆုံး အကျိုးကျေးဇူးကို ဖန်တီးပေးရန်အတွက် အသင့်တော်ဆုံးဖြစ်သည်ကို ဆုံးဖြတ်ပေးမည်ဖြစ်သည်။   တရားသူကြီးက မည်သည့်အချက်များကြောင့် သူ့အနေနှင့် ဤကဲ့သို့ဆုံးဖြတ်ရသည်ကို ရှင်းပြလိမ့်မည်။

ဤအမိန့်များတွင် သင့်ကလေးကို ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု အဖွဲ့အစည်း၏ စဉ်ဆက်မပြတ် ပါဝင်ပတ်သက်ခြင်းမရှိဘဲ သင်နှင့်အတူ နေခွင့်ပြုသည့် ကတိဝန်ခံချက်များမှအစပြု၍ သင့်ကလေး သင်နှင့်ဝေးရာတွင် အခြားသူတစ်ဦး (ဥပမာ၊ ဆွေမျိုးတစ်ယောက်) နှင့်အတူနေခွင့်ပြုသည့် ကတိဝန်ခံချက် သို့မဟုတ် သူ့အား နေ့စဉ်နှင့်အမျှ စောင့်ရှောက်မှုကို ဌာနမှတာဝန်ယူသည့် ကတိဝန်ခံချက်များအထိ အမျိုးမျိုးပါဝင်နိုင်ပါသည်။

တရားရုံးက ချမှတ်နိုင်သည့်အမိန့်များ အမျိုးမျိုးရှိပါသည်။ ဝန်ထမ်း သို့မဟုတ် သင့်ရှေ့နေက သင့်အား တရားရုံး အစီအစဉ်များနှင့် အမိန့်များကို ပြည့်စုံစွာ ရှင်းပြနိုင်ပါလိမ့်မည်။

## ကျွန်ုပ်အနေနှင့် တရားရုံးတွင် ဖြစ်ပျက်နေသည်များကို နားမလည်ပါက ဘာလုပ်ရမည်နည်း။

သင့်အနေနှင့် တရားရုံးတွင် ဖြစ်ပျက်နေမှုများ၊ တရားသူကြီးက ချမှတ်သော အမိန့်သည် သင်နှင့်သင့်ကလေးအတွက် မည်သို့ အဓိပ္ပါယ်သက်ရောက်မှု ရှိကြောင်းနှင့် တရားသူကြီး၏ ဆုံးဖြတ်ချက်အား အယူခံဝင် တင်ပြနိုင်သည့် သင့်ရပိုင်ခွင့်အခွင့်အရေးများအကြောင်းကို ဝန်ထမ်း သို့မဟုတ် သင့်ရှေ့နေအား ရှင်းပြခိုင်းပါ။

## ကျွန်ုပ်သည် တရားဥပဒေဆိုင်ရာ အကြံဉာဏ်ကို မည်သည့်နေရာမှာ ရနိုင်မည်နည်း။

သင့်အနေနှင့် တရားဥပဒေဆိုင်ရာအကြံဉာဏ်ရယူရန်နှင့် တရားရုံးတွင် ရှေ့နေဖြင့် ကိုယ်စားပြုလိုခြင်း ရှိ၊မရှိကို ဆုံးဖြတ်ရန် အရေးကြီးပါသည်။ တရားဥပဒေဆိုင်ရာ အကြံဉာဏ်ရယူရေးအတွက် -

၁. (Yellow Pages ထဲမှ 'Solicitors' စာရင်းတွင် အမည်ပါရှိသော) ဒေသခံ ရှေ့နေ

၂. Victoria Legal Aid, မဲလ်ဘန်း၊ တယ်လီဖုန်းနံပါတ် 1300 792 387

၃. Law Institute of Victoria, တယ်လီဖုန်းနံပါတ် (03) 9607 9311

၄. Victorian Aboriginal Legal Service Co-op Ltd, တယ်လီဖုန်းနံပါတ် 1800 064 865

၅. Aboriginal Family Violence Prevention & Legal Service Victoria, တယ်လီဖုန်းနံပါတ် 1800 105 303

၆. ဒေသခံ လူမှုအဖွဲ့အစည်း တရားရေးဆိုင်ရာ ဝန်ဆောင်မှု အဖွဲ့အစည်းတစ်ခုခု တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မဲလ်ဘန် (Melbourne)၊ မူးရာဘင် (Moorabbin) နှင့် ဘရော့ဒ်မဲဒိုးစ် (Broadmeadows) ကလေးသူငယ်ဆိုင်ရာ တရားရုံးများတွင် ကလေးသူငယ်ဆိုင်ရာ ဥပဒေများကို အထူးကျွမ်းကျင်သည့် တရားဥပဒေဆိုင်ရာ ကူညီပံ့ပိုးရေး အဖွဲ့အစည်း (Legal Aid) ၏ရှေ့နေများ ရှိကြပါသည်။ သူတို့သည် ကာကွယ်စောင့်ရှောက်မှုပေးရန် လျှောက်ထားချက်အတွက် ကလေးများကို ကိုယ်စားပြုပေးလေ့ ရှိသော်လည်း အချို့သောအမှုများတွင်မူ မိဘများအား ကိုယ်စားပြုပေးနိုင်ပါသည်။ သင့်ကလေးအတွက် တရားဥပဒေဆိုင်ရာကူညီပံ့ပိုးရေး အဖွဲ့အစည်း၏ ရှေ့နေဖြင့် ကိုယ်စားပြုပေးထားပြီးဖြစ်ကာ သင်သည်လည်း တရားဥပဒေဆိုင်ရာ ကူညီပံ့ပိုးမှုရခွင့်ရှိပါက သူတို့သည် တရားဥပဒေဆိုင်ရာ ကူညီပံ့ပိုးရေး အဖွဲ့အစည်း၏ကိုယ်စား သင့်အား ကိုယ်စားပြုပေးရန် ပုဂ္ဂလိက ရှေ့နေတစ်ဦးကို စီစဉ်ပေးပါလိမ့်မည်။ ကျေးလက်ဒေသများတွင်မူ တရားဥပဒေဆိုင်ရာ ကိုယ်စားပြုပေးရေးအတွက် သင်သည် သင့်မြို့နယ် တရားရုံးကို ဆက်သွယ်နိုင်ပါသည်။

ပိုမိုသိလိုပါက သင့် Department of Health and Human Services ရုံးကို ဆက်သွယ်ပါ။

## ဆက်သွယ်ရမည့်သူ၏ အချက်အလက်များ

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ပေးသူ ဝန်ထမ်း၏အမည်မှာ –

သူ၏ Department of Health and Human Services ရုံးမှာ -

သူ့အား ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ -

ဤစာစောင်ကို ဖွင့်ဖတ်နိုင်သော စီစဉ်ဖွဲ့စည်းမှုပုံစံဖြင့် ရလိုပါက cpmanual@dhhs.vic.gov.au သို့ အီးမေးလ် ပို့ပါ။

ဗစ်တိုးရီးယားပြည်နယ်အစိုးရ 1 Treasury Place, Melbourne က ခွင့်ပြုပြီး ထုတ်ဝေသည်။

© မူပိုင် ဗစ်တိုးရီးယားပြည်နယ် မတ်လ ၂၀၁၆ ခုနှစ်

www.cpmanual.vic.gov.au တွင် ရရှိနိုင်ပါသည်။